ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# တိုင်းရင်းကြက် မွေးမြူရေးခြံများအတွက်

# ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်

# Good Animal Husbandry Practices

# (Native Chicken)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ရက်

## တိုင်းရင်းကြက်မွေးမြူရေးခြံများအတွက်
## ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
## Good Animal Husbandry Practices (Native Chicken)

### ၁။ မွေးမြူရေးခြံ

### ၁.၁ နေရာ

၁.၁.၁ မွေးမြူရေးခြံသည် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ရှိမည့်နေရာ၊ ဓာတုဗေဒပစ္စည်းနှင့် ဇီဝပစ္စည်းဘေးအန္တရာယ်များမှ လွတ်ကင်းသည့်နေရာဖြစ်ရမည်။

### ၁.၂ မွေးမြူရေးခြံအပြင်အဆင်

၁.၂.၁ ကြက်ခြံအဆောက်အဦနှင့် လွတ်ကွင်းအတွက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိရမည်။

၁.၂.၂ မွေးမြူထားသောကြက်များ ပြင်ပသို့ လွယ်ကူစွာမသွားစေရန်နှင့် ပြင်ပသတ္တဝါများ လွယ်ကူစွာမဝင်ရောက်နိုင်စေရန် စီစဉ်ထားရမည်။

၁.၂.၃ လေကောင်းလေသန့်ရရှိပြီး လေတိုက်ခတ်မှုကွယ်ရာအရိပ်ရရှိ၍ ရေမဝပ်သောနေရာတွင်ရှိရမည်။

### ၁.၃ အဆောက်အဦနှင့် အသုံးအဆောင်ပစ္စည်း

၁.၃.၁ တိုင်းရင်းကြက်မွေးမြူရေးသည် နေ့ခင်းလွှတ်ကျောင်း၊ ညတွင် ခြံလှောင်စနစ်ဖြင့်မွေးမြူခြင်းဖြစ်သဖြင့် သင့်လျော်သော ကြက်ခြံအဆောက်အဦ ထည့်သွင်းဆောက်လုပ်ပေးရမည်။

၁.၃.၂ ကြက်ခြံအဆောက်အဦသည် ကြက်တစ်ကောင်အတွက်အကျယ်အဝန်း(၃-၅)စတုရန်းပေ အကျယ်အဝန်းရှိရမည်။

၁.၃.၃ တိုင်းရင်းကြက် (၁၂) ကောင်မှ (၁၆) ကောင် မွေးမြူပါက လွှတ်ကွင်းအပါ ကြက်ခြံအကျယ်အဝန်း သည် အလျား (၁၂) ပေ × အနံ (၁၅) ပေ × အမြင့် (၇) ပေရှိရမည်။

၁.၃.၄ တိုင်းရင်းကြက် (၁၂) ကောင်မှ (၁၆) ကောင်မွေးမြူပါက ကြက်ရုံ အဆောက်အဦသည် အလျား (၆) ပေ × အနံ (၆) ပေ × ခေါင်တိုင် အမြင့် (၈) ပေ × လက်ခံတိုင် (၆) ပေခွဲရှိ၍ လေဝင်လေထွက် ကောင်းမွန်ရမည်။

၁.၃.၅ ကြက်ရုံအတွင်း ဥကြက်မ (၄) ကောင်လျှင် ဥတင်း (၁) ခုနှုန်း ထားရှိရမည်။

၁.၃.၆ ကြက်ရုံအဆောက်အဦအတွင်း အိပ်တန်းလုံလောက်စွာ စီစဉ် ပေးရမည်။

၁.၃.၇ ကြက်ရုံအဆောက်အဦအတွင်း ပြင်ပတိရစ္ဆာန်များ မဝင်ရောက် စေရန် စီစဉ်ထားရှိရမည်။

## ၂။ ကြက်စာ

၂.၁ တိုင်းရင်းကြက်များအတွက် အာဟာရဓါတ်လုံလောက်စွာရရှိစေရန် ဒေသ ထွက်ပစ္စည်းများနှင့် ရောစပ်ကျွေးမွေးရမည်။

၂.၂ အစာစိမ်းနေ့စဉ်ကျွေးမွေးနိုင်ရန် စီစဉ်ထားရမည်။

၂.၃ လိုအပ်သော သတ္တုဓါတ်များရရှိစေရန် သဘာဝမြေဩဇာနှင့် နွားချေး ခြောက်များအား ရက်သတ္တတစ်ပါတ်လျှင် (၂) ကြိမ်ခန့် ကြဲပက်ကျွေးမွေး ရမည်။

၂.၄ အဟာရနှင့်ပတ်သက်၍ တီကောင်၊ အင်းဆက်များ ပေါက်ဖွားစေရန် ဖန်တီး ပေးရမည်။

၂.၅ စီးပွားဖြစ်မွေးမြူပါက လိုအပ်သောအဟာရများ၊ ဆေးဝါးများကို ဖြည့် စွက် ကျွေးမွေးရမည်။

## ၃။ ရေ

၃.၁ သန့်ရှင်း၍ အေးမြသော သောက်သုံးရေဖြစ်ရမည်။

၃.၂ လွှတ်ကွင်းအရိပ်ရသောနေရာတွင် သောက်ရေခွက်များ လုံလောက်စွာ ထားရှိ ရမည်။

၃.၃ ဓာတုပစ္စည်း၊ အဏုဇီဝပိုးများနှင့် ဓါတ်သတ္တုများမပါဝင်ဘဲ ဘေးအန္တရာယ် ကင်းရှင်းသောသောက်ရေ ဖြစ်ရမည်။

## ၄။ မွေးမြူရေးအုပ်ချုပ်မှု

### ၄.၁ မွေးမြူရေးခြံလက်စွဲစာအုပ်

၄.၁.၁ ခြံအုပ်ချုပ်မှုလက်စွဲစာအုပ်ထားရှိရမည်။ ယင်းစာအုပ်တွင် ကြက်အသွင်း၊ အထုတ်မှတ်တမ်း၊ သန့်ရှင်းရေးလုပ်ဆောင်မှု၊ ကာကွယ်ဆေးထိုးနှံပေးမှု၊ ကြက်ဥမှတ်တမ်း၊ ကြက်ပေါက်မှတ်တမ်း၊ ကြက်မကြီးမှတ်တမ်း၊ ကြက်ထီးမျိုးမှတ်တမ်းများ စနစ်တကျ ရေးသွင်းရမည်။

### ၄.၂ နေ့စဉ်ပြုစုစောင့်ရှောက်ခြင်း

၄.၂.၁ ကြက်များ၏ ကျန်းမာရေး ကောင်းမကောင်း နေ့စဉ်ကြည့်ရှု စစ် ဆေးရမည်။

၄.၂.၂ ကြက်စာ၊ သန့်ရှင်းသောသောက်သုံးရေကို နေ့စဉ်လဲလှယ်ပေးရမည်။

၄.၂.၃ အစာခွက်၊ ရေခွက်များ နေ့စဉ်သန့်ရှင်းပေးရမည်။

၄.၂.၄ ကြက်ခြံအဆောက်အဦအတွင်း နေ့စဉ်သန့်ရှင်းရေးပြုလုပ်ရမည်။

၄.၂.၅ ကြက်များအား တစ်ရက်လျှင် အလင်းရောင် (၁၂-၁၄) နာရီရရှိစေရန် စီမံပေးရမည်။

၄.၂.၆ ပြင်ပသတ္တဝါများ ကြောင်၊ ကြွက်၊ မြွေ စသည်တို့ ဝင်ရောက်မှု ရှိ၊ မရှိစစ်ဆေးရမည်။

၄.၂.၇ ဝပ်ကြက်မများ၏ အခြေအနေစစ်ဆေး၍ ကြက်ဥတစ်နေ့လျှင် (၂) ကြိမ်ကောက်ပေးရမည်။

၄.၂.၈ ကြက်တစ်ကောင်ချင်း၊ တစ်သုတ်ချင်းမှတ်တမ်းရေးသွင်းရမည်။

၄.၂.၉ နေ့စဉ်အုသောကြက်ဥမှတ်တမ်းထားရှိရမည်။

## ၄.၃ ခြံတွင်းစီမံခန့်ခွဲမှု

၄.၃.၁ (၁၀) ရက်ကျော်သောကြက်ဥများအား မဝပ်စေရန် စီမံဆောင်ရွက်ရမည်။

၄.၃.၂ သားထိန်းကြက်မနှင့် ကြက်ငယ်များအိပ်စက်ရန် (၁၂-၁၅) လက်မ အထူရှိအခင်းထားရှိရမည်။

၄.၃.၃ ဝပ်ကြက်မကောင်းရွေးချယ်ရာတွင် ရင်အုပ်ကျယ်၊ အမွေးထူသော ကြက်မရွေးချယ်ရမည်။

၄.၃.၄ ကြက်အသက်အရွယ်အလိုက် ခွဲခြားမွေးမြူပေးခြင်းနှင့် အသက်အရွယ်အလိုက် လိုအပ်သောအာဟာရ ပြည့်ဝစွာရရှိစေရန် စီမံဆောင်ရွက်ပေးရမည်။

၄.၃.၅ ကြက်ထီးတစ်ကောင်လျှင် ကြက်မ (၁၀-၁၅) ကောင် အချိုးညီမျှစေရန် ထားရှိရမည်။

၄.၃.၆ ဝပ်ကြက်မတစ်ကောင်သည် (၁၅) လုံးမှ (၂၀) လုံးအထိ ဝပ်နိုင်ပြီး စောင့်ရှောက်နိုင်သဖြင့် ဥကြက်မ (၂) ကောင်မှ မျိုးဥများ ရောစပ် ဝပ်စေရမည်။

၄.၃.၇ ကျန်ဥကြက်မ မဝပ်စေရန် အလင်းရောင်အပြည့်ပေးပြီး အစာ၊ ရေလုံလောက်စွာ ကျွေးမွေး၍ အုပ်ဆောင်းအောက်တွင်ထားရှိ၍ (၅-၇) ရက်တွင် ပြန်လည်ဥအုစေရမည်။

၄.၃.၈ ပေါက်ပွားလာသောကြက်များမှ မျိုးရွေးချယ်၍ မကောင်းသော ကြက်ထီး၊ မများအား ရောင်းတန်းဝင်အရွယ်တွင် ပယ်ထုတ်ရမည်။

၄.၃.၉ (၇) ပေအမြင့် ခြံစည်းရိုးမကျော်နိုင်စေရန် အပြင်တောင်ပံ တစ်ခြမ်း ညှပ်ပေးရမည်။

၄.၃.၁၀ ပူလွန်းသောရာသီဥတုတွင် အေးမြစေရန်၊ အေးလွန်းသောရာသီဥတုတွင် အနွေးဓါတ်ရရှိစေရန်နှင့်အစာလုံလောက်စွာကျွေးမွေးနိုင်ရန် စီမံဆောင်ရွက်ရမည်။

## ၅။ တိုင်းရင်းကြက်များ၏ ကျန်းမာရေး

### ၅.၁ ရောဂါကာကွယ်ထိန်းချုပ်ခြင်း

၅.၁.၁ တိုင်းရင်းကြက်များ၏ ရောဂါကာကွယ်ထိန်းချုပ်ခြင်းအား ဦးစီးဌာနမှ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည်။

၅.၁.၂ ကြက်ဥတင်း၊ ကြက်ရုံအဆောက်အဦအတွင်း လှေး၊ သန်းများ ထိန်းချုပ်နိုင်ရန် ပုံမှန်ဆောင်ရွက်ရမည်။

၅.၁.၃ ကြက်ရုံအဆောက်အဦသန့်ရှင်းရေး၊ သောက်ရေသန့်ရှင်းရေး တို့ကို နေ့စဉ်အလေးထားဆောင်ရွက်ရမည်။

၅.၁.၄ တိုင်းရင်းကြက် စီးပွားဖြစ်မွေးမြူသောခြံများတွင် ပြင်ပကြက်များ အလွယ်တကူမဝင်ရောက်စေရန် ကြပ်မတ်ခြင်းနှင့် ပြင်ပကြက်များ ခြံသွင်းမွေးမြူမည်ဆိုပါက မထည့်သွင်းမီ ခြံပြင်ပတွင် ရက်သတ္တပါတ် စောင့်ကြည့်ထိန်းသိမ်းပြီးမှ ထည့်သွင်းမွေးမြူရမည်။

၅.၁.၅ ပြင်ပလူများ ကြက်ခြံအတွင်းမဝင်ရောက်စေရန် တားမြစ်ကန့်သတ်ရမည်။

၅.၁.၆ ခြံလုပ်သားသည် ပိုးသတ်ဝတ်စုံ၊ ဖိနပ်၊ လက်အိတ်တို့ဖြင့်ဝင်ရောက်လုပ်ကိုင်ရမည်။

၅.၁.၇ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးအား သတ်မှတ်နှုန်းထားအတိုင်း ကြက်ရုံအတွင်းအပြင် တစ်လလျှင်တစ်ကြိမ်ပက်ဖျန်းပေးရမည်။

## ၅.၂ ကုသခြင်း

၅.၂.၁ ကူးစက်ရောဂါ သို့မဟုတ် သံသယဖြစ်ဖွယ်ကူးစက်ရောဂါ ကျရောက်သည့်ဖြစ်စဉ်ကြုံလာပါက ဦးစီးဌာနမှ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည်။

# ၆။ တိုင်းရင်းကြက်ဥထုတ်လုပ်မှု

၆.၁ တစ်ကြိမ်ဥလျှင် (၁၅) ရက်မှ (၂၀) ရက်ခန့်သာဥနိုင်ပြီး ဝပ်ရက်၊ သားထိန်း ရက်တို့ကို လျှော့ချပေးရမည်။

၆.၂ ဝပ်ရက် (၂၁) ရက်အတွက် သားထိန်းကောင်းသောကြက်မများအား ကြက်ဥ (၁၆) လုံးမှ (၂၀) လုံးဝပ်စေခြင်းဖြင့် ကျန်ကြက်မအား ကြက်ဥပြန်အုစေရန် စီစဉ်ပေးရမည်။

၆.၃ သားထိန်းရက် (၇၅) ရက်အစား ကြက်ငယ်များသည် (၃၀) ရက်တွင် အတောင်စုံပြီးဖြစ်သဖြင့် သားခွဲပေးပြီး ကြက်ဥပြန်အုစေရန် စီမံပေးရမည်။

၆.၄ ဥကြက်မတစ်ကောင်အတွက် လိုအပ်သောအလင်းရောင်မှာ တစ်ရက်လျှင် (၁၂) နာရီမှ (၁၄) နာရီရရှိစေရန် စီစဉ်ပေးခြင်းဖြင့် ဥနှုန်းပိုမိုကောင်းမွန်စေပြီး ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးကြက်ဥ (၆) လုံး ရရှိမည်။

## ၇။ ဒေသကြက်မွေးမြူရေးစီမံခန့်ခွဲမှု

၇.၁ မွေးမြူထားရှိသည့်ဒေသ၏ စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များ လိုက်နာရန်နှင့် အခါအားလျော်စွာ ထုတ်ပြန်သည့်ညွှန်ကြားချက်များအား စောင့်ထိန်းလိုက်နာရမည်။

၇.၂ အသား၊ ဥများရောင်းချရာတွင်လည်း ဒေသ၏ စည်းမျဉ်းစည်းကမ်း များအတိုင်း ရောင်းချရမည်။

## ၈။ ဒေသကြက်မျိုးများရွေးချယ်ဝယ်ယူခြင်း

၈.၁ ဒေသနှင့် ကိုက်ညီသည့် မျိုးကိုသာ ရွေးချယ်မွေးမြူရမည်။

၈.၂ ထုတ်လုပ်မည့် အဓိကထုတ်ကုန်၊ ဥ၊ အသားတို့၏ ဈေးကွက်လိုအပ် ချက်နှင့် လျော်ညီမည့် ကြက်မျိုးအား ရွေးချယ်မွေးမြူရမည်။

၈.၃ ဝယ်ယူသည့် ကြက်မျိုး၏ မှတ်တမ်းများအား သေချာစိစစ်ရွေးချယ် ရမည်။

## ၉။ အညစ်အကြေးစီမံခန့်ခွဲမှု

၉.၁ နေ့စဉ်သန့်ရှင်းရေးပြုလုပ်ရာမှ ထွက်ရှိအညစ်အကြေးများအားခြံမှ ပေ (၅၀) အကွာတွင် စုပုံရမည်။

၉.၂ ကြက်သေများအား စားသုံးခြင်းမပြုဘဲ မီးရှို့ဖျက်စီးရမည်။

၉.၃ ကြက်မတစ်ကြိမ်ဝပ်ပြီးပါက ဝပ်ကျင်းထဲထည့်ထားသော ကောက်ရိုး၊ လွှစာ စသည်တို့ကိုမီးရှို့ရမည်။

## ၁၀။ အချက်အလက်များသိမ်းဆည်းခြင်း

၁၀.၁ ကြက်များ၏ မျိုးမှတ်တမ်း၊ ရောဂါကာကွယ်ကုသမှတ်တမ်း၊ စီမံခန့်ခွဲမှု မှတ်တမ်းများထားရှိရမည်။

၁၀.၂ ကြက်အသုတ်လိုက်မှတ်တမ်းများအား အနည်းဆုံး (၃) နှစ် သိမ်းဆည်း ထားရှိရမည်။